# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ။)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

( ဂ ) **လူ့အခွင့်အရေး**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊

(၂) ကုလသမဂ္ဂက ထုတ်ပြန်ကြေညာသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့်အရေးများ၊

(၃) နိုင်ငံတော်က လိုက်နာရန်ရှိသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းများတွင်ပါရှိသည့် လူ့အခွင့်အရေးများ၊

(ဃ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို ဆိုသည်။

( င ) **ကော်မရှင်အဖွဲ့ဝင်** ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ အပါအဝင် အဖွဲ့ဝင်တစ်ဦးဦး ကိုဆိုသည်။

( စ ) **စိစစ်ရွေးချယ်ရေးအဖွဲ့** ဆိုသည်မှာ ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေး အဖွဲ့ကို ဆိုသည်။

(ဆ) **ကော်မရှင်ရုံး** ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် တည်ထောင်ထားသော ရုံးကို ဆိုသည်။

**အခန်း (၂)**

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမို၍ ကာကွယ်စောင့်ရှောက်နိုင်ရန်၊

( ခ ) ကုလသမဂ္ဂကထုတ်ပြန်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို အသိအမှတ်ပြု၍ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန်၊

( ဂ ) နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့် ကြေညာချက်များပါ လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင်ကာကွယ်နိုင်ရန်၊

(ဃ) လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ် ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## ကော်မရှင် ဖွဲ့စည်းခြင်း၊ အဆင့်အတန်းနှင့် ရပိုင်ခွင့်များ

### ဖွဲ့စည်းခြင်း

၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင် ဦးရေ အနည်းဆုံး ၇ ဦးမှ အများဆုံး ၁၅ ဦး အထိ ပါဝင်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရမည်။

၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို ဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကော်မရှင်အဖွဲ့ဝင်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုတရားသူကြီးချုပ်၊

( ခ ) ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန၊

( ဂ ) ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန၊

(ဃ) ပြည်ထောင်စုရှေ့နေချုပ်၊

( င ) မြန်မာနိုင်ငံ တရားလွှတ်တော်ရှေ့နေများကောင်စီမှ ကိုယ်စားလှယ်တစ်ဦး၊

( စ ) ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ် နှစ်ဦး၊

(ဆ) မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး၊

( ဇ ) ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး။

၆။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် အောက်ဖော်ပြပါစံနှင့် ကိုက်ညီသူများကို ကော်မရှင် အဖွဲ့ဝင်လောင်းများ အမည်စာရင်းအတွက် စဉ်းစားရမည် -

(က) မြန်မာနိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက် ၃၅ နှစ်ထက်မငယ်သူဖြစ်ခြင်း၊

(ဂ) သိက္ခာသမာဓိနှင့်ပြည့်စုံ၍ အကျင့်စာရိတ္တ ကောင်းမွန်သူအဖြစ် အသိအမှတ်ပြုခံရပြီး ကော်မရှင်အဖွဲ့ဝင်၏ လုပ်ငန်းကို ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာ ထမ်းဆောင်နိုင်စွမ်း ရှိသူ ဖြစ်ခြင်း၊

(ဃ) အောက်ပါနယ်ပယ်တစ်ရပ်ရပ်တွင် ဗဟုသုတ သို့မဟုတ် အတွေ့အကြုံကြွယ်ဝသူဖြစ်ခြင်း -

(၁) လူ့အခွင့်အရေးမူများနှင့် သက်ဆိုင်ရာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများ၊

(၂) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး၊

(၃) ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး။

(င) ကော်မရှင်၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ခံယူချက်ရှိသူဖြစ်ခြင်း။

၇။ စိစစ် ရွေးချယ်ရေးအဖွဲ့သည် -

(က) ကော်မရှင်အဖွဲ့ဝင်လောင်းများ၏ အမည်စာရင်းကို စဉ်းစားရာတွင် ကော်မရှင်ဖွဲ့စည်းမှုကို ခြုံငုံစဉ်းစားရမည်။

(ခ) အောက်ပါတို့နှင့်စပ်လျဉ်း၍ ဗဟုသုတ၊ အတွေ့အကြုံ သို့မဟုတ် ကျွမ်းကျင်မှုရှိသူတို့ကို ကော်မရှင်အဖွဲ့ဝင်လောင်းများအဖြစ် ထည့်သွင်းစဉ်းစားရမည် -

(၁) ပြည်တွင်းလူ့အခွင့်အရေးဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ဥပဒေများ၊

(၂) လက်ရှိ စီးပွားရေး၊ အလုပ်အကိုင်နှင့်လူမှုရေးဆိုင်ရာ ကိစ္စရပ်များ၊

(၃) ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့်လူ့အဖွဲ့အစည်းအတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးချင်း၊ မတူညီသော လူ့အသိုက်အဝန်းများနှင့်လူဦးရေအုပ်စုအလိုက် လိုအပ်ချက်များနှင့် မျှော်မှန်းချက်များ၊

(၄) ကော်မရှင် ရှေ့မှောက်ရောက်ရှိလာဖွယ်ရှိသော အခြားမတူကွဲပြားသည့်ကိစ္စရပ်များ၊

(၅) လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် အားပေးဆောင်ရွက်မှု၊

(၆) အများပြည်သူအား ပညာပေးမှု၊

(၇) ပြည်သူ့အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု၊

(၈) အရပ်ဘက်အဖွဲ့အစည်း၊ ပညာရပ်ဆိုင်ရာ အဆင့်မြင့်အဖွဲ့အစည်းများ၊ လူမှုဝန်ထမ်း လုပ်ငန်းများ၊ ရပ်ရွာဖွံ့ဖြိုးရေးနှင့် ဥပဒေရေးရာ။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့အရ စဉ်းစားရာတွင် အမျိုးသား၊ အမျိုးသမီးနှင့် တိုင်းရင်းသားလူမျိုးများကို သင့်တင့်မျှတစွာ ပါဝင်စေရမည်။

၈။ စိစစ်ရွေးချယ်ရေးအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်လောင်းများ ရွေးချယ်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရမည်။ ယင်းလုပ်ထုံးလုပ်နည်းများနှင့် အညီရွေးချယ်သော ကော်မရှင်အဖွဲ့ဝင်လောင်း ၃၀ ဦး၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၉။ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ပုဒ်မ ၈ အရ တင်ပြသည့် ကော်မရှင် အဖွဲ့ဝင်လောင်းထဲမှ သင့်လျော်သော ကော်မရှင်အဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်ရမည်။ ထိုသို့ ရွေးချယ်ခန့်အပ်ရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့ကို တစ်ပါတည်း သတ်မှတ်ရမည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသူသည် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် နေ့မှစ၍ -

(က) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ကော်မရှင် အဖွဲ့ဝင်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေနိုင်သည့် ပြည်တွင်းပြည်ပဌာန၊ အဖွဲ့အစည်းနှင့်လုပ်ငန်းများတွင် လုပ်ကိုင်သူဖြစ်ပါက ယင်းတို့မှ နုတ်ထွက်ရမည်။

၁၁။ ကော်မရှင် အဖွဲ့ဝင်တစ်ဦးသည် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ဘက်လိုက်မှုမရှိဘဲ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ထိခိုက်စေသည့် သို့မဟုတ် ထိခိုက်စေနိုင်သည်ဟုယူဆရသည့် အခြားလုပ်ငန်းများ သို့မဟုတ် အခြားဆောင်ရွက်ချက်များတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရမည်။

**အဆင့်အတန်းနှင့်ရပိုင်ခွင့်များ**

၁၂။ (က) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ပြည်ထောင်စု ဒုတိယဝန်ကြီးအဆင့်အဖြစ် လည်းကောင်း သတ်မှတ်သည်။

(ခ) ပုဒ်မခွဲ (က) နှင့် အညီ သတ်မှတ်သော အဆင့်အတန်းနှင့် လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။

**အခန်း (၄)**

**ကော်မရှင် အဖွဲ့ဝင်၏ ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း**

၁၃။ ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ငါးနှစ် ဖြစ်သည်။

၁၄။ ကော်မရှင် အဖွဲ့ဝင်များသည် တစ်ဆက်တည်း ရာထူးသက်တမ်းနှစ်ခုထက် ပိုမိုတာဝန်ထမ်းဆောင်ခွင့်မရှိစေရ။

၁၅။ ရာထူးမှ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်းမှတစ်ပါး လက်ရှိတာဝန် ထမ်းဆောင်နေသော ကော်မရှင်အဖွဲ့ဝင်သည် ကော်မရှင်အဖွဲ့ဝင် အသစ်ခန့်အပ်ပြီးသည့် အချိန်အထိ မိမိတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

**ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ လစ်လပ် ရာထူးနေရာတွင် ဖြည့်စွက် ခန့်ထားခြင်း**

၁၆။ ကော်မရှင် ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက်ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၇။ ကော်မရှင် ဥက္ကဋ္ဌမှအပ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် တာဝန်ထမ်းဆောင်နေစဉ်အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို ကော်မရှင် ဥက္ကဋ္ဌမှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၈။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်ညှိနှိုင်းပြီး အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက တာဝန်မှ ရပ်စဲနိုင်သည် -

(က) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ် နှစ်ပါးအနက် တစ်ပါးပါး ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့ကြောင်း တွေ့ရှိရခြင်း၊

(ခ) တရားရုံး တစ်ခုခုက ပြစ်မှုကြောင်းအရ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(ဂ) တရားရုံးတစ်ခုခုက လူမွဲအဖြစ် ကြေညာခြင်းခံရခြင်း၊

(ဃ) ကော်မရှင်က ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း။

၁၉။ နိုင်ငံတော်သမ္မတသည် -

(က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာလစ်လပ်လျှင် စိစစ်ရွေးချယ်ရေးအဖွဲ့က တင်ပြထားသော ကော်မရှင်အဖွဲ့ဝင်လောင်းအမည်စာရင်းမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း ရွေးချယ်၍ ဖြည့်စွက် ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကော်မရှင် အဖွဲ့ဝင်လောင်း အမည်စာရင်းမှ ရွေးချယ်ရန် သင့်လျော်သူမရှိပါက ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ဖြည့်စွက်ခန့်ထားရမည်။

၂၀။ လစ်လပ်သောရာထူးသည် ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ ရာထူးနေရာဖြစ်ပါက နိုင်ငံတော်သမ္မတသည် အသစ်ဖြည့်စွက်ခန့်ထားခြင်းမပြုနိုင်မီ ကျန်အဖွဲ့ဝင်တစ်ဦးဦးအား ယင်းရာထူးနေရာတွင် ယာယီတာဝန်ပေးအပ်ရမည်။

၂၁။ ပုဒ်မ ၁၃ ပါ ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍ မည်သို့ပင်ပါရှိစေကာမူ လစ်လပ်ရာထူးတွင် ပုဒ်မ ၁၉ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ကော်မရှင်အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ၎င်းအစားထိုးသည့် ကော်မရှင်အဖွဲ့ဝင်၏ ကျန်ရှိသည့်သက်တမ်းအတွက်သာ ဖြစ်သည်။

## အခန်း (၅)

## ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းဖြင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ အများပြည်သူ၏ အသိပညာအဆင့်အတန်း မြှင့်တင်ခြင်းနှင့်ခွဲခြားမှုပုံသဏ္ဍာန်အားလုံးကို တိုက်ဖျက်သည့် ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ခြင်း၊

(ခ) လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများအား လိုက်နာမှု ရှိ မရှိကို စောင့်ကြည့်လေ့လာရေး၊ မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါ တို့ကို ဆောင်ရွက်ခြင်း-

(၁) နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(၂) တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော် က ပါဝင် ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေးအတွက် ပြင်ဆင်သင့်သည့် ဥပဒေများနှင့်အခြားဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(၃) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းရန် တာဝန်ရှိသည့် အစီရင်ခံစာများ ပြုစုရာတွင် လည်းကောင်း၊ အဆိုပါ အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသင့်သည်များနှင့် စပ်လျဉ်း၍ လည်းကောင်း အစိုးရအဖွဲ့အား ပံ့ပိုးကူညီခြင်း။

(ဂ) လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊

(ဃ) တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရသည့် နေရာသို့ သွားရောက် စစ်ဆေးခြင်း၊

(င) လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားသည့် နေရာသို့ သွားရောက်စစ်ဆေးခြင်း နှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့်အစိုးရ သို့မဟုတ် ပုဂ္ဂလိက ထိန်းသိမ်း စောင့်ရှောက်ရေးစခန်း၊ ဌာနများသို့ အကြောင်းကြား၍ သွားရောက် စစ်ဆေးခြင်း၊

(စ) သက်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်း၊ စီးပွားရေး အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစုများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းတို့နှင့်သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်း၊

(ဆ) ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် အပါအဝင် အခြားအမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေး ဆိုင်ရာ ယန္တရားများနှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် သို့မဟုတ် အစိုးရအဖွဲ့က ကော်မရှင်သို့ ရည်ညွှန်းပေးပို့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားခြင်း၊

(ဈ) လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သီးခြားရည်ညွှန်းသော ကိစ္စရပ်များကို ပြန်လည်ဖြေကြားခြင်း၊

(ည) ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာများပြုစုခြင်း နှင့် သင့်လျော်သလို ထုတ်ပြန်ခြင်း၊

(ဋ) ကော်မရှင်၏ တာဝန်တစ်ရပ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်စပ်မှု ရှိသည့် သို့မဟုတ် အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံတော်၏ လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ဆောင်ရွက်မှုများ၊ လုပ်ငန်း တာဝန်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု လွှတ်တော်သို့ တင်ပြခြင်း၊

(ဍ) လိုအပ်ပါက လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်း။

၂၃။ ကော်မရှင် ဥက္ကဋ္ဌသည် အကြောင်းတစ်စုံတစ်ရာကြောင့် မိမိ၏လုပ်ငန်းတာဝန်ကို ဆောင်ရွက် နိုင်ခြင်းမရှိလျှင် ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရမည်။

၂၄။ ကော်မရှင်သည် -

(က) မိမိ၏ လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့် ရှိသည်။

၂၅။ ကော်မရှင် အဖွဲ့ဝင်တစ်ဦးသည် မိမိ၏ဆောင်ရွက်ချက်တစ်ရပ်မှာ ကော်မရှင်၏အကျိုး နှင့် ဆန့်ကျင်ကြောင်းသိရှိပါက ကော်မရှင်ဥက္ကဋ္ဌနှင့်ကော်မရှင်အဖွဲ့ဝင်များအား ချက်ချင်းအကြောင်းကြားပြီး ဆောလျင်စွာ ပြုပြင်ဆောင်ရွက်ရမည်။

၂၆။ ကော်မရှင်သည် မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေးအတွက် နိုင်ငံတော်သမ္မတထံ အသိပေး၍ လိုအပ်သည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို ငှားရမ်းခွင့်ရှိသည်။

၂၇။ ကော်မရှင်သည် ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေးများ ကျင်းပခြင်း၊ အစည်းအဝေး အထမြောက်ခြင်း၊ သဘာပတိအဖြစ် ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၆)

## စုံစမ်းစစ်ဆေးခြင်း

### လူ့အခွင့်အရေး ဖောက်ဖျက်မှုများ စုံစမ်းစစ်ဆေးခြင်း၊ တိုင်တန်းချက်များ လက်ခံ ဆောင်ရွက်ခြင်း

၂၈။ လူ့အခွင့်အရေးဖောက်ဖျက်မှုများ ကျယ်ပြန့်စွာဖြစ်ပွားနေသည်ကို လည်းကောင်း၊ ဖောက်ဖျက်မှုသည် စနစ်တစ်ရပ်အဖြစ် ဦးတည်နေသည်ကိုလည်းကောင်း သိရှိပါကကော်မရှင်သည် ဦးဆောင်ဦးရွက်ပြု၍ စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

၂၉။ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရာတွင် သဘာဝတရား၏ မျှတမှုသဘောတရားနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ထို့ပြင်တရားမကျင့်ထုံး၊ ရာဇဝတ်ကျင့်ထုံး နှင့် သက်သေခံအက်ဥပဒေတို့ပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံး ဆောင်ရွက်နိုင်သည်။

၃၀။ လူ့အခွင့်အရေးဖောက်ဖျက်မှုရှိသည်ဟု စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးတစ်ယောက်အတွက် သော်လည်းကောင်း၊ တူညီသောလူတစ်စုကိုကိုယ်စားပြု၍ သော်လည်းကောင်း၊ တိုင်တန်းလိုသည့် အကြောင်းရင်းဖော်ပြပြီး ကော်မရှင်သို့ တိုင်ကြားနိုင်သည်။

၃၁။ တိုင်တန်းသူသည် အောက်ပါတို့ကို ဆောင်ရွက်ရာတွင် ကော်မရှင်သို့ စာဖြင့် တင်ပြရမည် -

(က) တိုင်တန်းချက်ကို ပြန်လည် ရုပ်သိမ်းခြင်း၊

( ခ ) တိုင်တန်းချက်ကို ပြင်ဆင်ရန် ကော်မရှင်၏ ခွင့်ပြုချက်ရယူခြင်း။

၃၂။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်သည့်ကိစ္စရပ်မှတစ်ပါး တိုင်တန်းချက်တစ်ရပ်ကို စုံစမ်းစစ်ဆေးရမည် -

(က) တိုင်တန်းချက်သည် သဘောရိုးဖြင့် တိုင်ကြားချက် မဟုတ်ခြင်း၊

( ခ ) တိုင်တန်းချက်သည် ကော်မရှင်၏ လုပ်ပိုင်ခွင့်အတွင်း မကျရောက်ခြင်း၊

( ဂ ) တိုင်တန်းသူအတွက် ပို၍သင့်လျော်သော ကုစားမှု သို့မဟုတ် ကြောင်းကျိုးညီညွတ်စွာ တိုင်တန်းနိုင်သည့် နည်းလမ်းများရှိခြင်း။

၃၃။ တိုင်တန်းချက်ပါ ကိစ္စရပ်တစ်ခုခုကို ကော်မရှင်က စုံစမ်းစစ်ဆေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း သို့မဟုတ် ရပ်ဆိုင်းရန် ဆုံးဖြတ်ခြင်းသည် ကော်မရှင်၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် ယေဘုယျ စုံစမ်း စစ်ဆေးပိုင်ခွင့်ကို ထိခိုက်မှု မရှိစေရ။

၃၄။ ကော်မရှင်သည် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ရာတွင် တိုင်တန်းချက်ပါ အကြောင်းခြင်းရာသည် ညှိနှိုင်း၍ရနိုင်သော အလားအလာရှိသည်ဟု ယူဆပါက ညှိနှိုင်းဖြေရှင်းသော နည်းလမ်းကိုအသုံးပြုပြီး ဖြေရှင်းဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့် အညီ ဖြစ်စေရမည်။

၃၅။ ကော်မရှင်သည် မိမိစုံစမ်းစစ်ဆေးလျက်ရှိသော ကိစ္စနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် ပေးနိုင်မည်ဟု ထင်မြင်ယူဆရသည့် မည်သည့် ပုဂ္ဂိုလ်ကိုမဆို သတ်မှတ်ချိန်းဆိုထားသည့်နေရာနှင့် အချိန်တွင် လာရောက်သက်သေခံရန် စာဖြင့် ဆင့်ဆိုခြင်း၊ ကတိသစ္စာပြုစေခြင်း၊ စစ်ဆေးမေးမြန်းခြင်း နှင့် ထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးစေခြင်းများ ပြုနိုင်သည်။

၃၆။ ကော်မရှင်သည် အောက်ပါတို့မှအပ မိမိစုံစမ်းစစ်ဆေးသော ကိစ္စတစ်ရပ်နှင့်ပတ်သက်သည်ဟု ယူဆသည့် မည်သည့် ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်ရုံးကိုမဆို ယင်းတို့ ပိုင်ဆိုင်သည့် သို့မဟုတ် လက်ဝယ်ထားရှိသည့် စာရွက်စာတမ်းနှင့် အထောက်အထားများ တင်ပြရန်စာဖြင့် ရေးသားဆင့်ဆိုနိုင်သည် -

(က) နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးကို ထိခိုက်စေနိုင်သည့် စာရွက်စာတမ်း သို့မဟုတ် အထောက်အထားများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသော စာရွက်စာတမ်းများ။

၃၇။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော တိုင်တန်းချက်ကို စုံစမ်း စစ်ဆေးခြင်း မပြုလုပ်ရ -

(က) တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့်တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲ အမှုများ၊

(ခ) တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများ။

၃၈။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဖြစ်စေ၊ ယင်းတို့နှင့်ဆက်နွယ်သည့် အဖွဲ့အစည်းများနှင့်ဖြစ်စေ သက်ဆိုင်သော တိုင်တန်းချက်အပေါ် ၎င်းတို့ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏စုံစမ်းတွေ့ရှိချက်ကို အကြံပြုတိုက်တွန်းချက်နှင့်အတူ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ပေးပို့ရမည်။ ယင်းဌာန၊ အဖွဲ့အစည်းသည် ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များနှင့်စပ်လျဉ်းသည့် အရေးယူဆောင်ရွက်ချက်ထားရှိမှု အခြေအနေကို ရက်ပေါင်း သုံးဆယ်အတွင်း ကော်မရှင်သို့ ပြန်ကြားရမည်။ ထိုသို့ ပြန်ကြားရာတွင် တိုင်တန်းသူများ လက်တုံ့ပြန်မှုမခံရစေရေးအတွက် သေချာစေမည့် ဆောင်ရွက်ချက်ကိုလည်း ဖော်ပြရမည်။

၃၉။ စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြီးဆုံးသည့်အခါ ကော်မရှင်သည် လိုအပ်ပါက မိမိ၏ စုံစမ်းတွေ့ရှိချက်များနှင့်အကြံပြုချက်များကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြပြီး အများပြည်သူ သိရှိနိုင်ရန်လည်း ထုတ်ပြန်နိုင်သည်။

၄၀။ ကော်မရှင်သည် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် ပုဂ္ဂိုလ်များ၏လူ့အခွင့်အရေးကို ဖောက်ဖျက်မှုရှိကြောင်း အထောက်အထားခိုင်လုံစွာတွေ့ရှိပါက ပုဒ်မ ၃၈ အရ တင်ပြသည့် အစီရင်ခံစာတွင် အောက်ပါတို့အတွက် အကြံပြုတိုက်တွန်းချက်များကို ဖော်ပြရမည် -

(က) လူ့အခွင့်အရေးဖောက်ဖျက်မှုရှိကြောင်း အတည်ပြုချက်နှင့် ယင်းလူ့အခွင့်အရေးဖောက်ဖျက်မှုများ ဆက်လက်မဖြစ်ပေါ်စေရေးနှင့်အလားတူ ဖောက်ဖျက်မှုများ ထပ်မံမဖြစ်ပွားစေရေး၊

( ခ ) လူ့အခွင့်အရေး ဖောက်ဖျက်မှုကို ကုစားရန် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက သင့်လျော်သလို ဆောင်ရွက်ပေးရေး၊

( ဂ ) လူ့အခွင့်အရေးဖောက်ဖျက်မှုကြောင့် ထိခိုက်ဆုံးရှုံးနစ်နာမှုအတွက် လူ့အခွင့်အရေးဖောက်ဖျက်ခြင်းခံရသူ ရသင့်ရထိုက်သည့် နစ်နာကြေး ရရှိနိုင်ရေး၊

(ဃ) သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်း၊ ပုဂ္ဂိုလ် သို့မဟုတ် အာဏာပိုင် အဖွဲ့အစည်းက အရေးယူဆောင်ရွက်ရေးနှင့် ယင်းအကြံပြုတိုက်တွန်းချက်များအပေါ် ၎င်းတို့၏အရေးယူဆောင်ရွက်ချက်များကို ကော်မရှင်သို့ သင့်လျော်သော အချိန်ကာလအတွင်း ပြန်ကြားရေး။

**အကာအကွယ်ပေးခြင်း**

၄၁။ ဤဥပဒေအရ ပေးအပ်ထားသော ကော်မရှင်၏ တာဝန်များကို ထမ်းဆောင်စဉ် ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်ရုံးဝန်ထမ်း သို့မဟုတ် ကော်မရှင် ကိုယ်စားဆောင်ရွက်သည့် ပုဂ္ဂိုလ်အား ခြိမ်းခြောက်ခြင်း၊ တားဆီးခြင်း၊ ပိတ်ပင်ခြင်း၊ စော်ကားခြင်း သို့မဟုတ် စွက်ဖက်ခြင်းပြုသူသည် တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

၄၂။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အခြားတစ်စုံတစ်ယောက်အား ထိုပုဂ္ဂိုလ်ကဖြစ်စေ ထိုပုဂ္ဂိုလ်နှင့်ကျွမ်းဝင်သူကဖြစ်စေ အောက်ပါကိစ္စတစ်ရပ်ရပ် လုပ်ဆောင်မှုကြောင့် မတရားဖိနှိပ်ခြင်း၊ ခြောက်လှန့်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် စွက်ဖက်ခြင်းတို့ ပြုခွင့်မရှိစေရ -

(က) ဤဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများ အသုံးချရန် ရည်ရွယ်ခြင်း၊

( ခ ) ဤဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများကို အသုံးချခြင်း သို့မဟုတ် အခြားသူများ၏ အဆိုပါ အခွင့်အရေးများကို မြှင့်တင်ပေးခြင်း၊

( ဂ ) ဤဥပဒေအရ လုပ်ဆောင်သော တိုင်တန်းချက်၊ စုံစမ်းစစ်ဆေးချက် သို့မဟုတ် ဆောင်ရွက်ချက် တစ်စုံတစ်ရာနှင့်စပ်ဆိုင်သော သတင်းအချက်အလက် သို့မဟုတ် အထောက်အထားများပေးခြင်း၊

(ဃ) ဤဥပဒေအား ဆန့်ကျင်ရာရောက်သော မည်သည့်ကိစ္စကိုမဆို ဆောင်ရွက်ရန် ငြင်းပယ်ခြင်း၊

( င ) ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေကို ရည်ညွှန်း၍ဖြစ်စေ တစ်စုံတစ်ရာကိုတစ်နည်းနည်းဖြင့် လုပ်ဆောင်ခြင်း။

**အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း**

၄၃။ ကော်မရှင်သည် အကျဉ်းထောင်၊ အကျဉ်းစခန်း၊အချုပ်ခန်းနှင့်ထိန်းသိမ်း စောင့်ရှောက်ရေး စခန်းများတွင် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက် ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့်ပြည်တွင်းဥပဒေများ နှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိ စိစစ်နိုင်ရန် အဆိုပါ နေရာများသို့ ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်ရှိသည်။ ယင်းသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးရာတွင် သက်ဆိုင်ရာ ဥပဒေများနှင့် အညီ ဆောင်ရွက်ရမည်။

၄၄။ ပုဒ်မ ၄၃ အရ ဆောင်ရွက်ရာတွင် ကော်မရှင်သည် အောက်ပါ လုပ်ပိုင်ခွင့်များရှိသည် -

(က) ကြည့်ရှုစစ်ဆေးလိုသော ကာလကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အကြောင်းကြားပြီး အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာန များသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊

( ခ ) အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်း၊ ဌာနများအတွင်းရှိ နေရာများနှင့်အကျဉ်းသား၊ အချုပ်သား၊ ထိန်းသိမ်း စောင့်ရှောက် ထားခြင်းခံရသူများ၏ အသုံးအဆောင်များကို စစ်ဆေးခွင့်၊

( ဂ ) အကျဉ်းသား၊ အချုပ်သားနှင့် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများအား လွတ်လပ်စွာ သီးခြားတွေ့ဆုံ မေးမြန်းခွင့်၊

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့က အရေးယူဆောင်ရွက်သင့်သည်များကို အကြံပြု တိုက်တွန်းခွင့်နှင့်အဆိုပါ အကြံပြုတိုက်တွန်းချက်များအပေါ် အရေးယူဆောင်ရွက်ချက် များကို ကော်မရှင်သို့ ပြန်ကြားရန် တိုက်တွန်းခွင့်။

၄၅။ ကော်မရှင်သည် မိမိ၏တွေ့ရှိချက်နှင့်အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်းနှင့်အများပြည်သူအား သင့်လျော်သလို အသိပေးခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း (၇)
## ငွေကြေးစီမံခန့်ခွဲရေး

၄၆။ နိုင်ငံတော်သည် ဤဥပဒေအရ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို ကော်မရှင် က ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အလို့ငှာ လိုအပ်သောငွေကြေးကို ထောက်ပံ့ ရမည်။

၄၇။ ကော်မရှင်သည် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းထံမှမဆို လူ့အခွင့်အရေးမြှင့်တင်ရေး၊ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်၏ လွတ်လပ်စွာဆောင်ရွက်ခွင့်ကို မထိခိုက်စေသည့် အနှောင်အဖွဲ့မရှိသော အထောက်အပံ့ကို လက်ခံနိုင်သည်။

၄၈။ ကော်မရှင်သည် မိမိ၏ ရငွေ၊ သုံးငွေ၊ ပစ္စည်း ပိုင်ဆိုင်မှုနှင့်ပေးရန် တာဝန်ရှိမှုတို့နှင့်စပ်လျဉ်း၍ ငွေစာရင်း ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိန်းသိမ်းထားရှိရမည်။

၄၉။ ကော်မရှင်သည် မိမိ၏ငွေစာရင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။

၅၀။ တည်ဆဲဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ ကော်မရှင်၏ ရန်ပုံငွေများနှင့် ငွေကြေး လွှဲပြောင်းမှုများအပေါ်တွင် အခွန်စည်းကြပ်မှုများမှ ကင်းလွတ်ခွင့် ရှိစေရမည်။

## အခန်း(၈)

## ဝန်ထမ်းအဖွဲ့အစည်း

၅၁။ ကော်မရှင်သည် -

(က) ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ဝန်ထမ်းဖွဲ့စည်းပုံ တစ်ရပ်ရေးဆွဲထားရှိရမည်။ ယင်းဖွဲ့စည်းပုံအတွင်း လိုအပ်သောအရာထမ်းများနှင့် အမှုထမ်းများကို ခန့်ထားရမည်။

( ခ ) ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စများနှင့်စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများ၊ ခံစားခွင့်များကို သတ်မှတ်ရမည်။

၅၂။ ကော်မရှင်သည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ ကော်မရှင်ရုံး အကြီးအမှူးအပါအဝင် လိုအပ်သော အရာထမ်း၊ အမှုထမ်းများကို ခန့်အပ်နိုင်သည်။

၅၃။ (က) ကော်မရှင်ရုံး အကြီးအမှူးသည် ကော်မရှင်၏ အတွင်းရေးမှူးအဖြစ် တာဝန် ထမ်းဆောင် ရမည့်အပြင် ကော်မရှင်က သတ်မှတ်ပေးထားသော အခြားလုပ်ငန်း တာဝန်များကိုလည်း ထမ်းဆောင်ရမည်။

( ခ ) ရုံးဝန်ထမ်း အဖွဲ့အစည်းသည် ကော်မရှင်ကို တာဝန်ခံရမည်။

၅၄။ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းများအတွက် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းများနှင့် အညီ ကော်မရှင်ရုံး ဝန်ထမ်းများ၏ ရာထူးအဆင့်အတန်းကို သတ်မှတ်ပေးရမည်။

၅၅။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏လုပ်ငန်းတာဝန်များအနက် သီးခြားသတ်မှတ်ပေးသော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ကော်မရှင်ရုံးအရာထမ်းတစ်ဦးဦးအား လက်မှတ်ရေးထိုး၍ လွှဲအပ် နိုင်သည်။ ယင်းသို့ လွှဲအပ်ရာတွင် လွှဲအပ်ခြင်းခံရသူသည် လွှဲအပ်သည့်စာတွင် ဖော်ပြထားသော လုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်ရမည်။

၅၆။ ကော်မရှင်ဥက္ကဋ္ဌသည် သက်ဆိုင်ရာအရာထမ်းအား ထိုသို့လွှဲအပ်ထားသော လုပ်ငန်းတာဝန်ကို မည်သည့် အချိန်တွင်မဆို စာဖြင့် ရုပ်သိမ်းနိုင်သည်။

## အခန်း(၉)

## အထွေထွေ

၅၇။ ကော်မရှင်သည် ကော်မရှင်ရုံးချုပ်ကို ဖွင့်လှစ်ထားရှိပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရန်အတွက် ကော်မရှင်ရုံးခွဲများကို လိုအပ်သလို ဖွင့်လှစ်နိုင်သည်။

၅၈။ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၅၉။ ကော်မရှင်သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့ခွဲများ၊ လုပ်ငန်းအဖွဲ့များကို ဒေသအလိုက်ဖြစ်စေ၊ ဘာသာရပ်အလိုက်ဖြစ်စေ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

၆၀။ ကော်မရှင်သည် ကိုယ်ပိုင်အမည်၊ တံဆိပ်နှင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက် ပိုင်ခွင့်ရှိပြီး တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်တို့ ရှိစေရမည်။

၆၁။ ကော်မရှင်အဖွဲ့ဝင်နှင့်ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၆၂။ ဤဥပဒေအရ ပေးအပ်ထားသောတာဝန်နှင့်လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့် ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းနှင့်သဘောထားမှတ်ချက်ပေးခြင်း သို့မဟုတ် ထင်မြင်ချက်ပေးခြင်းတို့အတွက် ကော်မရှင်ကိုဖြစ်စေ၊ ကော်မရှင်အဖွဲ့ဝင်ကိုဖြစ်စေ၊ ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူကိုဖြစ်စေ ပြစ်မှုကြောင်းအရ သော်လည်းကောင်း၊ တရားမကြောင်းအရ သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၆၃။ ကော်မရှင် သို့မဟုတ် ကော်မရှင်ရုံးသို့ ဆက်သွယ်ပေးပို့တင်ပြသည့် သို့မဟုတ် ယင်းက စုဆောင်းရယူထားသည့် စာရွက်စာတမ်းများ၊ ပစ္စည်းများနှင့် သတင်းအချက်အလက်များသည် စိစစ်ဖြတ်တောက်ခြင်း သို့မဟုတ် စွက်ဖက်နှောင့်ယှက်ခြင်းတို့မှ ကင်းလွတ်စေရမည်။

၆၄။ ကော်မရှင်၏ ပရဝဏ်၊ မော်ကွန်းတိုက်၊ စာတွဲများ၊ စာရွက်စာတမ်းများ၊ ဆက်သွယ်ဆောင်ရွက်ချက်များ၊ ပစ္စည်းကိရိယာများ၊ ရန်ပုံငွေနှင့် ပစ္စည်းပိုင်ဆိုင်မှုများသည် မည်သည့် နေရာ၊ မည်သူ့ လက်ဝယ်တွင်ရှိသည် ဖြစ်စေ ထိပါးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်း၊ ရယူခြင်း သို့မဟုတ် အခြားနည်းဖြင့် နှောင့်ယှက်ခြင်းတို့မှ ကင်းလွတ်ခွင့် ရှိစေရမည်။

၆၅။ ကော်မရှင်သည် မိမိဆောင်ရွက်လျက်ရှိသော စုံစမ်းစစ်ဆေးမှုများ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ ဖော်ထုတ်ပြောကြားသင့်သည်ဟု ယူဆသည့် အချက်အလက်များကို ဖော်ထုတ်ပြောကြားနိုင်ခွင့်ရှိသည်။

၆၆။ ကော်မရှင်သည် မိမိရှေ့မှောက်၌ လာရောက်အစစ်ဆေးခံသူ၏ အမည်နှင့် သတင်းအချက်အလက်များ၊ ကော်မရှင်သို့ ထွက်ဆိုသည့် သက်သေထွက်ဆိုချက်များ၊ တင်ပြသည့် သက်သေခံစာရွက်စာတမ်းများ၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ တစ်ဦးတစ်ယောက်က ကော်မရှင်၏

ခွင့်ပြုချက်မရှိဘဲ ထုတ်ပြန်ခြင်း၊ ထုတ်ဖော်ပြောဆိုခြင်းမပြုရန် ဆောင်ရွက်ရမည်။ ကော်မရှင်သည် သက်သေများကို အကာအကွယ်ပေးသည့် အစီအမံများကိုလည်း ဆောင်ရွက်နိုင်သည်။

၆၇။ ကော်မရှင်သည် မိမိရရှိထားသည့် သတင်းအချက်အလက်များကို မိမိ၏ရည်မှန်းချက်များ အကောင်အထည်ဖော်ရန်ကိစ္စမှတစ်ပါး အခြားနည်းဖြင့် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်။

၆၈။ ကော်မရှင်က စုံစမ်းစစ်ဆေးရာ၌ ထွက်ဆိုချက်များ၊ သက်သေခံချက်များ၊ ဖြေဆိုချက်များ ပေးသူသည် မမှန်သက်သေခံမှုဖြင့် တရားစွဲဆိုခံရခြင်းမှတစ်ပါး ယင်းထွက်ဆိုချက်များ၊ သက်သေခံချက်များ၊ ဖြေဆိုချက်များအရ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခြင်း မခံထိုက်စေရ။ ကော်မရှင် ရှေ့မှောက်၌ ထွက်ဆိုသော သက်သေ၏ထွက်ဆိုချက်၊ သက်သေခံချက်နှင့်ဖြေဆိုချက်များကို အခြား ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အား တရားစွဲဆိုရာတွင် အသုံးမပြုရ။

၆၉။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၁ ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ဤဥပဒေအရ ကော်မရှင်ဖွဲ့စည်းပြီးသည်အထိ မိမိ၏ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်။

၇၀။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကော်မရှင်သည် လိုအပ်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်